
EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၃၁)၊ မေ ၃၀ ရက်၊ ၂၀၁၇

## ရန်ကုန်ပန်းခြံငှားရမ်းခအရှုပ်တော်ပုံကို လွှတ်တော်လေ့လာနေ

မေ ၂၆၊ ၂၀၁၇



(ဓာတ်ပုံ - Myanmar Now)

ရန်ကုန်မြို့ ပန်းခြံများရှိ မြေနှင့်ဆိုင်ခန်းနေရာ ၉၉၆ ခုကို ပေါက်ဈေးထက် အဆမတန်လျှော့ပြီး ငှားရမ်းထားခြင်းမှာ နိုင်ငံအတွက် များစွာနစ်နာသဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အငှားစာချုပ်များကို ပြန်လည်လေ့လာပြီး လုပ်ငန်းရှင်တို့နှင့် ဆွေးနွေးမည်ဟု သိရသည်။

ထိုစာချုပ်များအရ နိုင်ငံတော်က နှစ်စဉ်သန်းပေါင်း ၅၇,၀၀၀ ထက် မနည်းနစ်နာနေသည်ဟု ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိသဖြင့် ပဋိညာဉ်မမြောက်သည့် စာချုပ်များဖြစ်နေကြောင်း ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က ပြောသည်။

“ဒီစာချုပ်တွေက အဓိပ္ပာယ်မရှိဘူးလေဗျာ။ စာချုပ်ချုပ်တယ်ဆိုတဲ့ ရည်ရွယ်ချက်က တရားမျှတမှုကိုလိုချင်လို့ ချုပ်တာ၊ တရားမျှတမှုမရှိတဲ့ စာချုပ်ဆိုတာက မူလရည်ရွယ်ချက်ကို သွေဖည်နေတာပေါ့”ဟု ဦးတင့်လွင်က ပြောသည်။

### ငှားရမ်းခနှင့် နစ်နာမှု

ဧပြီ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက တိုင်းဒေသကြီးလွှတ်တော်သို့ပေးပို့သည့် အစီရင်ခံစာတွင် ပန်းဥယျာဉ်နှင့်ကစားကွင်း ငှားရမ်းခ နည်းပါးလွန်းသဖြင့် ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းအပြင် ကုမ္ပဏီများကစာချုပ်ပါ အချက်လိုက်နာမှုမရှိခြင်း၊ လုပ်ငန်းလုပ်ပိုင်ခွင့်ကို တင်ဒါမခေါ်ယူဘဲ လက်သိပ်ထိုးပေးအပ်ခြင်းတို့အကြောင်းကိုလည်း ဖော်ပြထားသည်။

ရွှေတိဂုံအနီး ပြည်သူ့ဥယျာဉ်အတွင်းမှ မြေဧက ၈၀ ခန့်ကို Natural World ကုမ္ပဏီက တစ်ပေခြောက်ကျပ်ခန့်နှုန်းဖြင့် ၂၅ နှစ်ကြာ ငှားရမ်းခွင့်ရထားသည်။ ၂၀၁၁ မှစတင်ခဲ့သော ထိုသဘောတူညီမှုအတွက် နိုင်ငံတော်က ၁၄,၂၈၁ သန်း နှစ်စဉ်ဆုံးရှုံးနစ်နာရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာအေးဘုရားလမ်း၊ မြကျွန်းသာပန်းခြံအတွင်း ကုမ္ပဏီရှစ်ခုငှားရမ်းမှုမှာ တစ်ပေ ၂၅ ကျပ်နှုန်း ဖြစ်သောကြောင့် နှစ်စဉ် ၂၁,၆၂၉ သန်းနစ်နာသည်ဟု အစီရင်ခံစာက ဆိုသည်။

စာချုပ်များကို ပြန်လည်စိစစ်ရန် စာရင်းစစ်ချုပ်ရုံးက လွှတ်တော်ကိုတိုက်တွန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

ပန်းခြံအတွင်း လုပ်ငန်းလုပ်ပိုင်ခွင့် စာချုပ်များနှင့်ပတ်သက်ပြီး လွှတ်တော်က အစိုးရကို တိုက်တွန်းမည်ဖြစ်ကြောင်း၊ အစိုးရ၏တာဝန်ယူမှုကိုလည်း လွှတ်တော်က စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဒေါ်ကြည်ပြာက ရှင်းပြသည်။

“လက်ရှိအစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ပြန်လည်ဆန်းစစ်ပြီးတော့ စာချုပ်ပြန်ချုပ်လို့လည်း ရနိုင်ပါတယ်”ဟု ဒေါ်ကြည်ပြာကဆိုသည်။

### ယခင်ညွှန်ကြားချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးဖြစ်ခဲ့သည့် ဦးဌေးအောင်က မြေငှားရမ်းသည့် လုပ်ငန်းစဉ်တွင် ကော်မတီက လုပ်ပိုင်ခွင့်အာဏာရှိသည်ဆိုသော်လည်း တိုင်းအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ရှင်းပြသည်။

“တိုင်းဒေသကြီးအစိုးရက ငှားလိုက်ပါဆိုရင် စည်ပင်က စာချုပ်ချုပ်ပေးလိုက်ရတာပဲ။ ပြည်သူ့ဥယျာဉ်ဆိုရင် ဘာထူးလို့လဲ။ ဝန်ကြီးချုပ်အမိန့်နဲ့ ငှားတာပဲ”ဟု ဦးဌေးအောင်က ဆိုသည်။

စာချုပ်ပါငှားရမ်းခများမှာ နည်းပါးလွန်းသဖြင့် ကာလပေါက်ဈေးနီးပါးရရှိရန် ကြိုးစားရာ လုပ်ငန်းရှင်တို့နှင့်ဆက်စပ်မှုရှိသည့် အရာရှိများ၏ ငြိုငြင်မှုကိုခံရကြောင်း ဦးဌေးအောင်က ပြောသည်။

*(ကိုးကား- ဖြိုးသီဟချို/Myanmar Now, 7 Day Daily)*

EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်အစိုးရက ဌာနဆိုင်ရာအသံများကိုသာ နားထောင်သည်ဟုဆို

မေ ၁၁၊ ၂၀၁၇

ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့တာဝန်ထမ်းဆောင်ရာတွင် လူထုအသံနားထောင်မှုအားနည်းပြီး ဌာနဆိုင်ရာများ၏ အသံကိုသာ အဓိကနားထောင်နေသည်ကို တွေ့ရသည်ဟု လွှတ်တော်အမတ်နှင့် နိုင်ငံရေးပါတီတစ်ချို့က သုံးသပ်ပြောဆိုသွားပါသည်။

လွှတ်တော်အမတ်များအနေနှင့် မိမိမဲဆန္ဒနယ်ရှိလူထုများနှင့် အခြားလူထုများ၏ အခက်အခဲကို သိရှိနိုင်ရန်အတွက် ကွင်းဆင်းလေ့လာလျက်ရှိသည်။

သို့သော် အစိုးရဝန်ကြီးများဖြစ်သွားသော ကိုယ်စားလှယ်တစ်ချို့သည် ပြည်သူလူထုအသံနားထောင်၍ ပူးပေါင်းဆောင်ရွက်သည့်အပိုင်း အားနည်းနေသည်ကိုတွေ့ရသည်ဟု ပြည်နယ်လွှတ်တော်အမတ် ဦးအောင်နိုင်ဦး(မယ်စဲ-၁)က ပြောသည်။

“ကျွန်တော်တို့က ကိုယ့်မြို့နယ်ကိုယ်သွားရတယ်။ ပြည်သူလူထုတွေရဲ့အခက်အခဲတွေကိုလည်း လွှတ်တော်မှာ ကျွန်တော်တို့ပြန်မေးတယ်။ မေးတဲ့အချိန်ကျလို့ရှိရင်လည်း လွှတ်တော်ကိုယ်စားလှယ်တွေက ထိထိရောက်ရောက်သိတယ်။ ဒီအစိုးရ၊ လက်ရှိ ရှိတဲ့ဝန်ကြီးတွေက ကွင်းမဆင်းမလေ့လာတော့ မသိလာဘူး။ သူတို့ပြန်ဖြေတာတွေက ကျွန်တော်တို့အတွက် မလုံလောက်ဘူး။ ကျွန်တော်တို့သိချင်တဲ့ မေးခွန်းကတစ်မျိုး သူတို့ဖြေလာတဲ့ဟာက သူတို့ဌာနဆိုင်ရာက အကြီးအကဲတွေပေးလာတဲ့ စာရွက်ပေါ်မှာ ဖြေတဲ့အသိလောက်ပဲ သိတာကိုး”ဟု ၎င်းကပြောသည်။

လက်ရှိအနိုင်ရကိုယ်စားလှယ်များအနေနှင့် လူထု၏လိုလားတောင်းဆိုမှုများကို ဗဟိုမှခွင့်ပြုခွင့်ချက် ရှိမှသာလျှင် ဆောင်ရွက်ပေးရသောအခြေအနေ၊ ဗဟိုဦးစီးစနစ်များနေသည့်အခြေအနေဖြစ်၍ ပြည်သူလူထုလိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်မှု အားနည်းရာ ထိတွေ့ဆက်ဆံမှုလည်း အားနည်းနေသေးခြင်းဖြစ်လိမ့်မည်ဟု ကယားလူမျိုးစုဒီမိုကရေစီပါတီမှတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလူးကြည်က ဆိုသည်။

*(ကိုးကား- www.kantarawaddytimes.org )*

# တာလေချောင်းတွင် တရားမဝင်ရွှေတူးဖော်မှု ရှမ်းလွှတ်တော်တွင် တင်ပြမည်



မေ ၂၃၊ ၂၀၁၇

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် တာလေမြို့ရှိ တာလေချောင်းတစ်လျှောက်တွင် ရွှေဖောင်များဖြင့် တရားမဝင် ရွှေတူးဖော်နေခြင်းကို အရေးယူဖြေရှင်းပေးရန် ဇွန်လ ၆ ရက်နေ့၌ကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ပြောကြားသည်။

"ချောင်းတစ်လျှောက်မှာ ပြည်သူ့စစ်အဖွဲ့ဝင်တွေရဲ့ ရွှေဖောင်တွေအပါအဝင် ဒေသအသီးသီးကနေ လာရောက်လုပ်ကိုင်နေသူတွေရဲ့ ရွှေဖောင် ၁၀၀ ကျော်ရှိနေတယ်။ စွန့်ပစ်မြေစာတွေကြောင့် ချောင်းကကောသွားတော့မယ်။ ဒါတွေကို အရေးယူဆောင်ရွက်ပေးမှာလား၊ တရားဝင်နည်းလမ်းနဲ့ လုပ်ကိုင်ခွင့်ပြုမှာလားဆိုတာ တင်ပြဆွေးနွေးမယ်"ဟု ၎င်းက ဆိုသည်။

တာလေမြို့အနီးဝန်းကျင်ရှိ တောင်ကုန်းများနှင့် ချောင်းတစ်လျှောက်တွင် ၂၀၁၀ ပြည့်နှစ် ဝန်းကျင်ကစ၍ တရုတ်နိုင်ငံသားများအပါအဝင် ရွှေတူးဖော်မှုများစွာရှိပြီး တောင်ကုန်းများတွင် စက်ယန္တယားများဖြင့် တူးဖော်ကာ စွန့်ပစ်မြေစာများကို ချောင်းအတွင်း စည်းကမ်းမဲ့စွန့်ပစ်နေကြောင်း၊ ဒေသခံများအနေနှင့်လည်း လယ်ယာမြေလုပ်ကိုင်ခွင့်များလျှောက်ထားပြီး ရွှေတူးဖော်မှုလုပ်ကိုင်နေကြောင်း ဒေသခံများနှင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။ *(ကိုးကား- http://thevoicemyanmar.com)*

| ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ် | စုစည်းတင်ပြသူ ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း | ဆက်သွယ်ရန် ၀၉-၂၆၁၆၅၄၀၄၅ |
|---|---|---|

# အရည်အသွေးညံ့အောင်လုပ်သည့် ကုမ္ပဏီများ စာရင်း မကွေးတိုင်း လွှတ်တော်ရုံးသို့ တင်ပြရမည်

မေ ၁၅၊ ၂၀၁၇

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းလုပ်ငန်းများ တာဝန်ယူလုပ်ကိုင်ရာတွင် အရည်အသွေးညံ့ဖျင်းအောင် လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီများစာရင်းကို လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ မဲဆန္ဒနယ်မြေအလိုက် စနစ်တကျ စိစစ်အကဲဖြတ်၍ မေ(၁၈)ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ စာရင်းပြုစုပေးပို့ရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားထားကြောင်း သိရှိရသည်။

၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးရှိ ကုမ္ပဏီများအနက်မှ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးညံ့ဖျင်းသည့် ကုမ္ပဏီများစာရင်းကို "လုပ်ငန်းတွေကို အရည်အသွေးညံ့အောင် တည်ဆောက်ထားတဲ့ ကုမ္ပဏီတွေစာရင်းကောက်ယူဖို့ ညွှန်ကြားထားတာပါ။ လွှတ်တော်လုပ်ငန်းစဉ်တွေထဲက အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းတဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်တာပါ။ အမတ်တွေတင်ပြလာတဲ့အချက်တွေအပေါ် အခြေခံပြီး တိုင်းအစိုးရအဖွဲ့နဲ့ ချိတ်ဆက်ပြီးဆောင်ရွက်သွားမယ်။ အထူးသဖြင့် တိုင်းလွှတ်တော်ကော်မတီတွေက သုံးသပ်ပြီး ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို အစိုးရထံပေးပို့ဖို့ ရှိပါတယ်။"ဟု မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောသည်။

မကွေးတိုင်းအတွင်း အကောင်အထည်ဖော်နေသည့် စီမံကိန်းလုပ်ငန်းများကို အရည်အသွေးညံ့အောင် လုပ်ကိုင်သည့် ကုမ္ပဏီများစာရင်းကို လွှတ်တော်အမတ်များထံမှရရှိလာပါက ယင်းကုမ္ပဏီများကို ဖိတ်ကြားပြီး မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့က တွေ့ဆုံဆွေးနွေးမည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကော်မတီကလည်း အဆိုပါကုမ္ပဏီများ၏လုပ်ငန်းဆောင်ရွက်ချက်အပေါ် သုံးသပ်ထားသည့် အစီရင်ခံစာတစ်စောင်ကို ဇွန်လအတွင်းပြုလုပ်မည့် တိုင်းလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်ပြသွားမည်ဟု တိုင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းထံမှ သိရသည်။ *(ကိုးကား-မြစ်မခမီဒီယာ)*

## သတင်းဓာတ်ပုံ



၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းမြို့နယ်အတွင်း လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည့် လမ်း တံတားလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် လမ်းဦးစီး၊ စီမံကိန်း၊ စည်ပင်တာဝန်ရှိသူများ (၂၂-၅-၂၀၁၇)နေ့ က ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြစဉ်။

*ကိုးကား- (ဒေါ်စုမြတ်ထက် Facebook- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)*

# သတင်းတို

■ မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ပြဋ္ဌာန်းမည့် ပြတိုက်နှင့်စာကြည့်တိုက်များ ဥပဒေ(မူကြမ်း) သုံးသပ်ညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးတွင် မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေရေးရာကော်မတီဝင်များနှင့်အတူ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ပြန်/ဆက်ဦးစီးမှူး ဦးမြင့်ရွှေနှင့် ဥပဒေရေးရာစိတ်ပါဝင်စားသူအချို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

*(ကိုးကား- မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကော်မတီ)*

■ ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအား ကရင်ပြည်နယ်လွှတ်တော်သတင်းလွှာ အတွဲ ၂ အမှတ် ၅ အဖြစ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ကာ ပြန်/ဆက်ရုံးစာကြည့်တိုက်များသို့ ဖြန့်ဝေထားကြောင်းသိရပြီး ၎င်းလွှတ်တော်သတင်းလွှာကို Kayin State Hluttaw Facebook စာမျက်နှာတွင်လည်း ရယူနိုင်မည်ဖြစ်သည်။

*(ကိုးကား- Kayin State Hluttaw facebook)*

■ ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးကို (၂၉-၅-၂၀၁၇)တွင် စတင်ကျင်းပမည်ဖြစ်ရာ အစည်းအဝေးပထမနေ့တွင် သက်ကြီးရွယ်အိုဆိုင်ရာဥပဒေကြမ်းနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေကြမ်းများ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

*(ကိုးကား- ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ)*

# ပညာရှင်၊ လုပ်ငန်းရှင်နှင့်ရေလုပ်သားတို့၏ သဘောထား အမြင်များပါဝင်သော "ရေချိုငါးလုပ်ငန်းဥပဒေ" ပေါ်ပေါက်ရေး ဧရာဝတီတိုင်းလွှတ်တော် ပူးပေါင်းကော်မတီကျင်းပ

မေ ၂၂၊ ၂၀၁၇

"ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ" ရေးဆွဲပြဌာန်းနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တွင် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးမွေးမြူရေး၊ ဆည်မြောင်းနှင့် သယံဇာတရေးရာ ကော်မတီတို့အပါအဝင် MCERP ၊ NAG ၊ ပျိုးပင်အဖွဲ့တို့ပါဝင်သော ပူပေါင်းကော်မတီ အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့များတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေပြုရေးကော်မတီရုံးခန်း၌ ပြုလုပ်ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လွှတ်တော်သို့ပေးပို့တင်သွင်းလာသော "ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကြမ်း"အပေါ် MCERP မှ ဦးဆောင်သည့် အထောက်အကူအဖွဲ့များမှ ဥပဒေပုဒ်မ တစ်ခုချင်းအလိုက် ပြင်ဆင်ဖြည့်စွက်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များကို အဆိုပြုတင်ပြခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပုဒ်မတစ်ခုချင်းအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြသည်။ အဆိုပါ "ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကြမ်း"ကို ယခုကျင်းပဆဲဖြစ်သည့် ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းဆွေးနွေး အတည်ပြုနိုင်မည်ဟု သတင်းရရှိသည်။

*(ကိုးကား- MCERP)*

## ရန်ကုန်တိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် ပါတီ သုံးပွင့်ဆိုင်တွေ့ဆုံ

မေ ၂၈၊ ၂၀၁၇

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ် စားလှယ်များနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များပါဝင်သည့် သုံးပွင့်ဆိုင် တွေ့ဆုံ ပွဲတစ်ခု မေလ ၂၈ ရက်နေ့က ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ခဲ့ကြောင်း NLD ပါတီ CEC အဖွဲ့ဝင်များထံမှ သိရသည်။

ယင်းဆွေးနွေးပွဲမှတစ်ဆင့် မဏ္ဍိုင်သုံးရပ်ကြား အချင်းချင်းအထင်အမြင်လွဲမှား စရာ၊ အတွေးအခေါ်မှားယွင်းမှု ကိစ္စရပ်များကို ပြန်လည် ညှိနှိုင်းမှုများ ပြုလုပ်နိုင်ကြောင်း ဦးဝင်းထိန်ကဆိုသည်။ ယခုကဲ့သို့ သုံးပွင့်ဆိုင်တွေ့ဆုံခြင်းသည် ရန်ကုန်တိုင်းတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နောက်ပိုင်းတွင်ထပ်မံတွေ့ဆုံရန် စီစဉ်ထားကြောင်းလည်း သိရသည်။

"ဒီတွေ့ဆုံဆွေးနွေးပွဲက ပြီးခဲ့တဲ့ တစ်နှစ်တာကာလ အခြေအနေကို ပြန်လည်သုံးသပ် ပြီးတော့ ကျွန်တော်တို့အနေနဲ့ တိုင်းအစိုးရအဖွဲ့နဲ့ လက်ရှိအခြေအနေထက် ပိုပြီးတော့ စုစုစည်းစည်း၊ ဟန်ချက်ညီအောင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး NLD ဥက္ကဋ္ဌဦးမြင့်ဌေးက ပြောသည်။

အစိုးရ၊ လွှတ်တော်နှင့်ပါတီ သုံးပွင့် ဆိုင်တွေ့ဆုံမှုများကို မြန်မာတစ်နိုင်ငံလုံးရှိ NLD အဖွဲ့ချုပ်တည်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင်သာ တွေ့ဆုံရန်ကျန်ရှိတော့ကြောင်း ပါတီဗဟို အလုပ်အမှုဆောင်များထံမှ သိရသည်။

*(ကိုးကား- http://thevoicemyanmar.com)*

## သတင်းဓာတ်ပုံ



ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကော်မတီအစည်းအဝေးခန်းမတွင် ဥပဒေပြုရေးကော်မတီမှ ရေချိုငါးလုပ်ငန်းဥပဒေအား ပြင်ဆင်ဖြည့်စွက်နိုင်ရန် (မေလ ၂၃ ရက်-၂၆ ရက်နေ့ အထိ) ညှိနှိုင်းဆွေးနွေးစဉ်။

*(ကိုးကား- Bago Region Hluttaw facebook page)*